# ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃။)

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေ ပုဒ်မ ၁ တွင် -

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ဤဥပဒေသည် ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ပေးသော စာမေးပွဲများ ကျင်းပစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်အားလုံးနှင့် အကျုံးဝင်စေရမည်။"

(ခ) ပုဒ်မခွဲ (ဂ) ကို ပယ်ဖျက်ရမည်။

၃။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) **စာမေးပွဲ** ဆိုသည်မှာ အခြေခံပညာရေးအဆင့် သင်ကြားမှု ပြီးဆုံးသည့်အခါ ဤဥပဒေအရ စာစစ်အဖွဲ့က စစ်ဆေးသော စာမေးပွဲကိုသော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က အဆိုပါစာစစ်အဖွဲ့သို့ သီးခြားတာဝန် လွှဲအပ်၍ စစ်ဆေးစေသော အခြားစာမေးပွဲကိုသော်လည်းကောင်း ဆိုသည်။"

(ခ) ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) **စာစစ်အဖွဲ့**ဆိုသည်မှာ ဤဥပဒေပုဒ်မ ၃ အရ ဖွဲ့စည်းထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စာစစ်အဖွဲ့ကို ဆိုသည်။"

(ဂ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) **သင်ရိုးမာတိကာ** ဆိုသည်မှာ စာစစ်အဖွဲ့က ကျင်းပစစ်ဆေးမည့် စာမေးပွဲများ အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ဖွဲ့စည်းထားသောအဖွဲ့အစည်းများမှ ရေးဆွဲပြဋ္ဌာန်းထားသော ဘာသာရပ်များ၏ သင်ခန်းစာ အသေးစိတ်အစီအစဉ်ကိုဆိုသည်။"

(ဃ) ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၄) ၏နောက်တွင် ပုဒ်မခွဲငယ် (၅) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(၅) ခွင့်ပြုချက်မရရှိဘဲ နည်းပညာတစ်ခုခု၏ အထောက်အကူကိုရယူ၍ ဖြေဆိုခြင်း၊”

(င) ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၅) ကို ပုဒ်မခွဲငယ် (၆) အဖြစ်ပြင်ဆင်ပြီး အောက်ပါအတိုင်း အစားထိုးရမည် -

“(၆) လူအစားထိုး၍ ဖြေဆိုခြင်း၊”

(စ) ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၆) ကို ပုဒ်မခွဲငယ် (၇) အဖြစ်ပြင်ဆင်ပြီး အောက်ပါအတိုင်း အစားထိုးရမည် -

“(၇) မိမိ၏ အဖြေလွှာကို သက်ဆိုင်ရာ တာဝန်ရှိသူသို့ မပေးအပ်ဘဲ စာမေးပွဲခန်း ပြင်ပသို့ ယူသွားခြင်း၊”

(ဆ) ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၇)၊ (၈)၊ (၉) နှင့် (၁၀) တို့ကို ပုဒ်မခွဲငယ် (၈)၊ (၉)၊ (၁၀) နှင့် (၁၁) တို့အဖြစ် ပြင်ဆင်ပြီး အောက်ပါအတိုင်း အစားထိုးရမည် -

“(၈) အဖြေလွှာကို စာမေးပွဲဖြေဆိုနေစဉ်အတွင်း ပြင်ပအကူအညီဖြင့် လဲလှယ်ခြင်း၊ ထပ်ဖြည့်ခြင်း သို့မဟုတ် စာမေးပွဲဖြေဆိုပြီးနောက် တစ်နည်းနည်းဖြင့် လဲလှယ်ခြင်း၊ ထပ်ဖြည့်ခြင်း၊”

(၉) အဖြေလွှာကိုဆုတ်ဖြဲခြင်း၊ စစ်ဆေး၍မရအောင် ပြုလုပ်ခြင်း၊ အဖြေလွှာပေါ်တွင် ညစ်ညမ်းစာ ညစ်ညမ်းပုံ ရေးဆွဲထားခြင်းနှင့် အမှတ်အသားများ တမင်ပြုထားခြင်း၊

(၁၀) စာမေးပွဲခန်းစောင့်ကြပ်သူတစ်ဦးဦး၏ မတရားသောနည်းဖြင့် ပြပေးခြင်း၊ ပြောပေးခြင်း၊ အကူအညီပေးခြင်းကို ရယူဖြေဆိုခြင်း၊

(၁၁) မေးခွန်းကို စာမေးပွဲမတိုင်မီ ကြိုတင်၍ ရယူခြင်း၊”

预览已结束，完整报告链接和二维码如下：
https://www.yunbaogao.cn/report/index/report?reportId=10_752580